# အမှုဆောင်မဟုတ်သော ဥက္ကဋ္ဌ ခန့်အပ်ခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက် ("**ကုမ္ပဏီ**" နှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ "**ကုမ္ပဏီအုပ်စု**") ၏ ဒါရိုက်တာအဖွဲ့သည် ဦးတင်ထွဋ်ဦးအား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှစတင်၍ ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သော ဥက္ကဋ္ဌအဖြစ် ခန့်အပ်ပါကြောင်း အစုရှယ်ယာရှင်များထံ အသိပေး ကြေညာအပ်ပါသည်။

ဦးတင်ထွဋ်ဦးသည် Yoma Strategic Holdings Ltd. ၏ Head of Agriculture Division အဖြစ် ၂၀၁၀ မှ ၂၀၂၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ သူသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ်မှ အငြိမ်းစားရယူခဲ့ပြီး ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ပြည်တွင်းနှင့် နိုင်ငံတကာအဆင့် အတိုင်ပင်ခံတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဦးတင်ထွဋ်ဦးသည် ၂၀၁၂ မှ ၂၀၁၆ ခုနှစ်ထိ အမျိုးသား စီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပုဂ္ဂိုလ်အဖြစ်လည်း ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ၂၀၂၁ မှ ၂၀၂၂ ခုနှစ်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

ကုမ္ပဏီ၏ အမည်စာရင်းတင်သွင်းရေးကော်မတီသည် ဦးတင်ထွဋ်ဦး၏ သက်တမ်းကြာမြင့်စွာတာဝန်ထမ်းဆောင်ခဲ့သော သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ၊ အရည်အချင်းနှင့် သင့်လျော်မှုတို့ကို စိစစ်ခဲ့ပြီးနောက် ကုမ္ပဏီ၏ဥက္ကဋ္ဌအဖြစ် ခန့်အပ်ပါရန် ဒါရိုက်တာအဖွဲ့ထံ အကြံပြုတင်ပြခဲ့ပါသည်။ ဒါရိုက်တာအဖွဲ့အနေဖြင့်လည်း ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သည့် ဥက္ကဋ္ဌအဖြစ် တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းရှိလိမ့်မည်ဟု ယူဆသည့်အလျောက် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း အပိုဒ် ၁၆.၇ နှင့်အညီ တာဝန်ပေးခန့်အပ်ရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီး၊ လာမည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ အစုရှယ်ယာရှင်များ၏ အတည်ပြုဆုံးဖြတ်ချက်ကိုခံယူရန် ဆုံးဖြတ်ခဲ့ကြ ပါသည်။

ဦးတင်ထွဋ်ဦးသည် ကုမ္ပဏီ၏ ဥက္ကဋ္ဌရာထူးအပြင် လုပ်အားခနှင့်အကျိုးခံစားခွင့်သတ်မှတ်ရေးကော်မတီ၏ ကော်မတီဥက္ကဋ္ဌ အဖြစ်လည်း ဆောင်ရွက်၍ ဒါရိုက်တာအဖွဲ့အား လိုအပ်သည့် ဦးဆောင်လမ်းညွှန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အထက်ပါခန့်အပ်မှုအပြီး ဒါရိုက်တာအဖွဲ့သည် အောက်ဖော်ပြပါဖွဲ့စည်းပုံအတိုင်း တာဝန်ထမ်းဆောင်ကြမည် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

| | | |
|---|---|---|
| ဦးတင်ထွဋ်ဦး | ဥက္ကဋ္ဌ | (Non-Executive) |
| ဦးသန်းအောင် | ဒုတိယဥက္ကဋ္ဌ | (Non-Executive) |
| ဦးထွန်းထွန်း | အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်ဒါရိုက်တာ | (Executive) |

| | | |
|---|---|---|
| ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် | သီးခြားလွတ်လပ်သည့် ဒါရိုက်တာ | (Non-Executive) |
| ဦးကြည်အေး | ဒါရိုက်တာ | (Non-Executive) |
| ဒေါက်တာဇော်ဝင်းစန္ဒီ | အမှုဆောင်ဒါရိုက်တာ | (Executive) |

ဒါရိုက်တာကော်မတီများမှာ အောက်ပါဖွဲ့စည်းပုံအတိုင်း ဆက်လက်တာဝန်ထမ်းဆောင်ကြမည် ဖြစ်ပါသည်။

**စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီ**

| | |
|---|---|
| ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် | ဥက္ကဋ္ဌ |
| ဦးကြည်အေး | အဖွဲ့ဝင် |
| ဦးသန်းအောင် | အဖွဲ့ဝင် |

**အမည်စာရင်းတင်သွင်းရေးကော်မတီ**

| | |
|---|---|
| ဦးကြည်အေး | ဥက္ကဋ္ဌ |
| ဦးသန်းအောင် | အဖွဲ့ဝင် |
| ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် | အဖွဲ့ဝင် |

**လုပ်အားခနှင့်အကျိုးခံစားခွင့်သတ်မှတ်ရေးကော်မတီ**

| | |
|---|---|
| ဦးတင်ထွဋ်ဦး | ဥက္ကဋ္ဌ |
| ဦးကြည်အေး | အဖွဲ့ဝင် |
| ဦးသန်းအောင် | အဖွဲ့ဝင် |

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်အရာရှိချုပ်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့

**First Myanmar Investment Public Company Limited**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm